# တဆင့်အာမခံလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ပိုမိုသုံးစွဲခွင့် ရရှိရေးနှင့် စပ်လျဉ်းသည့် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးမှတ်တမ်း

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ၂၀၁၇ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ (ဗုဒ္ဓဟူးနေ့) ၁၀:၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်သော တဆင့်အာမခံလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ပိုမိုသုံးစွဲခွင့်ရရှိရေးနှင့် စပ်လျဉ်းသည့် တတိယ အကြိမ် ညှိနှိုင်း အစည်းအဝေးမှတ်တမ်း။

**အစည်းအဝေးတက်ရောက်သူများ**

၁။ အစည်းအဝေးသို့ အောက်ဖော်ပြပါပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာစန္ဒာဦး | | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့အာမခံလုပ်ငန်း |
| (ခ) | ဦးမြင့်ဦး | အတွင်းရေးမှူး | ခေတ္တညွှန်ကြားရေးမှူးချုပ် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ |
| (ဂ) | ဦးလွင်ဦး | | ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့အာမခံလုပ်ငန်း |
| (ဃ) | ဦးသန့်ဇင် | အတွင်းရေးမှူးရုံး | ညွှန်ကြားရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန |
| (င) | ဦးဝင်းမြင့်ဟန် | အဖွဲ့ဝင် | အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ |
| (စ) | ဦးရွှေပိုင် | အဖွဲ့ဝင် | အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ |
| (ဆ) | ဒေါ်ကြင်ရွှေ | အဖွဲ့ဝင် | အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ |
| (ဇ) | ဒေါ်ရွှေရွှေမြင့် | အဖွဲ့ဝင် | အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ |
| (ဈ) | ဦးဝင်းထိုက် | အဖွဲ့ဝင် | ညွှန်ကြားရေးမှူး မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ည) | ဦးမျိုးမင်းသူ | | မန်နေဂျင်းဒါရိုက်တာ ရောမြန်မာအာမခံကုမ္ပဏီ |
| (ဋ) | ဦးသောင်းဟန် | | မန်နေဂျင်းဒါရိုက်တာ CB Insurance Company |
| (ဌ) | ဦးမျိုးနောင် | | မန်နေဂျင်းဒါရိုက်တာ GGI Insurance Company |
| (ဍ) | ဒေါ်မာလာညွန့် | | ဒုတိယမန်နေဂျင်းဒါရိုက်တာ အောင်သစ္စာဦးအာမခံကုမ္ပဏီ |
| (ဎ) | ဦးအောင်သိန်းထွန်း | | အထွေထွေမန်နေဂျာ Capital Life Insurance Company |

| | | | |
|---|---|---|---|
| (ဏ) | ဦးတင့်လွင် | | အထွေထွေမန်နေဂျာ<br>Excellent Fortune Insurance Company |
| (တ) | ဦးစိုးဝင်းသန့် | | အုပ်ချုပ်မှုဒါရိုက်တာ<br>Global World Insurance Company |
| (ထ) | ဦးအောင်ကိုကိုတင်ဝင်း | | ဒုတိယမန်နေဂျင်းဒါရိုက်တာ<br>First National Insurance Company |
| (ဒ) | ဦးမျိုးဇင် | | လက်ထောက်အထွေထွေမန်နေဂျာ<br>IKBZ Insurance Company |
| (ဓ) | ဒေါ်နန်းမီမီထွေး | | မန်နေဂျာ<br>Young Insurance Company |
| (န) | ဦးစိုးနိုင်ဦး | | မန်နေဂျာ<br>အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီ |
| (ပ) | ဦးကျော်ကျော် | အတွင်းရေးမှူးရုံး | ဒုတိယညွှန်ကြားရေးမှူး၊<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန |
| (ဖ) | ဦးမင်းခိုင် | အတွင်းရေးမှူးရုံး | လက်ထောက်ညွှန်ကြားရေးမှူး၊<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန |
| (ဗ) | ဒေါ်ဒီမိုဝင်းမြင့် | အတွင်းရေးမှူးရုံး | ဦးစီးအရာရှိ၊<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန |
| (ဘ) | ဒေါ်စုစု | အတွင်းရေးမှူးရုံး | ဦးစီးအရာရှိ၊<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန |
| (မ) | ဒေါ်အိန္ဒာအောင် | အတွင်းရေးမှူးရုံး | ဦးစီးအရာရှိ၊<br>ငွေရေးကြေးရေးကြီးကြပ်<br>စစ်ဆေးရေးဦးစီးဌာန |

**အစည်းအဝေးသို့ မတက်ရောက်နိုင်သူများ**

၂။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်သည် ခရီးစဉ်များ ရှိနေပါသဖြင့် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါ။

(က) ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်။

**ဆွေးနွေးချက်များ**

၃။ အစီအစဉ်အရ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၊ အတွင်းရေးမှူး ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပသော အစည်းအဝေးသည် တဆင့်အာမခံလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ပိုမိုသုံးစွဲခွင့် ရရှိစေရေးနှင့်သက်ဆိုင်သည့် တတိယအကြိမ် သီးသန့်ညှိနှိုင်း အစည်းအဝေးပင် ဖြစ်ပါကြောင်း၊ ပထမ (၂) ကြိမ်၌ ကုမ္ပဏီများ မပါဝင်ပဲ ကျင်းပပြီးစီးသွား၍ ယင်းအစည်းအဝေးများ၏ ဆုံးဖြတ်ချက်အရ ဒုတိယဝန်ကြီးက ယခု အစည်းအဝေး၌ အပြီးသတ်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါကြောင်း၊ အမေရိကန်ဒေါ်လာကို တဆင့်အာမခံလုပ်ငန်းတွင် ပိုမိုသုံးစွဲခွင့်ရရှိရေးနှင့် ပတ်သက်သည့် အစည်းအဝေးများကို ဧပြီလ (၅) ရက်နေ့နှင့် (၂၄) ရက်နေ့များတွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ လာမည့် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ (ပုံမှန်) အစည်းအဝေးတွင် အပြီးသတ် ဆွေးနွေးဆုံးဖြတ်နိုင်ရန် ယခုအစည်းအဝေးအား ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ဗဟိုဘဏ်မှ ပြောကြားချက်အရ ၎င်းတို့၏ ဧပြီလ ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ နိုင်ငံခြားငွေလိုအပ်မှုအပေါ် AD လိုင်စင်ရ ဘဏ်များမှ ကြိုတင်အကြောင်းကြားခြင်းဖြင့် ညှိနှိုင်းဖြေရှင်းနိုင်ပါကြောင်း၊ ဘဏ်အချင်းချင်း စာရင်းပြောင်းနည်းဖြင့် ငွေကြေးအရောင်းအဝယ် ပြုလုပ်ရန်သာ ခွင့်ပြုထားပါကြောင်း၊ နိုင်ငံခြားရှိ Nostro စာရင်း၌ လက်ကျန်ငွေ နည်းပါးနေကြောင်း၊ ယင်း Nostro စာရင်းဖြင့်သာ နိုင်ငံတကာနှင့် သက်ဆိုင်သော ငွေပေးချေမှုများကို ဆောင်ရွက်နိုင်ပါကြောင်း၊ မည်သည့်ဘဏ်မှ နိုင်ငံခြားငွေ မဖြစ်မနေ ရောင်းချရမည်ဟူသော အမိန့်ကို ဗဟိုဘဏ်မှ မထုတ်ပြန်နိုင်ပါကြောင်း၊ အာမခံကုမ္ပဏီများအနေဖြင့် မိမိတို့ လိုအပ်သည့် နိုင်ငံခြားငွေ ပမာဏဝယ်ယူခွင့်ကို ကြိုတင်ညှိနှိုင်းသည့်ဘဏ်၌သာ ဝယ်ယူဆောင်ရွက် သင့်ပါကြောင်း၊ ပြည်တွင်းဘဏ်များရှိ အသေးစားချေးငွေလုပ်ငန်းများ၏ ငွေစာရင်းများတွင် ဒေါ်လာ (၈၃) သန်းခန့်ရှိပါကြောင်း၊ သို့ဖြစ်၍ မြန်မာကျပ်ငွေကို လိုလားသော အသေးစားချေးငွေလုပ်ငန်းများကို လုပ်ကိုင်နေသည့် Mitzuho နှင့် OCBC ဘဏ်များရှိရာ နိုင်ငံခြားငွေလိုလားသော ပုဂ္ဂလိကအာမခံ ကုမ္ပဏီများအနေဖြင့် ယင်းဘဏ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်နိုင်ပါကြောင်း၊ နိုင်ငံခြားငွေ သုံးစွဲခွင့်နှင့် စပ်လျဉ်း၍ ပထမအကြိမ် အစည်းအဝေးတွင် MICB မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒေါ်ချယ်ရီလွင်၏ ပြောကြားချက်အရ နောက်ခံဘဏ်မရှိသည့် အာမခံကုမ္ပဏီများကို နိုင်ငံခြားငွေရရှိရေးနှင့် ပတ်သက်၍ MICB က တာဝန်ယူဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်ကို တင်ပြလိုပါကြောင်း၊ ၎င်းတို့ဘဏ်မှ လုပ်ပေးနိုင်သည့် အတိုင်းအတာအထိ တာဝန်ယူဆောင်ရွက် ပေးသွားမည်ဟု ပြောကြားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ပုဂ္ဂလိကဘဏ် (၂၁) ဘဏ်တွင်လည်း နိုင်ငံခြားငွေ ဝယ်ယူ

ရရှိနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ တက်ရောက်လာကြသည့် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီ များမှလည်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

၄။ ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ဆွေးနွေးပြောကြားရာတွင် အာမခံကြီးကြပ်ရေးအဖွဲ့မှ တဆင့်အာမခံကို ပုဂ္ဂလိကအာမခံကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပေးပါက နိုင်ငံခြားငွေကို မည်ကဲ့သို့ လဲလှယ်ရမည်ဟူသော အခက်အခဲများ ရှိပါကြောင်း၊ မူလက ဆောင်ရွက်ခွင့်ပြုခဲ့သော အမေရိကန်ဒေါ်လာ (၅) သိန်းထက် ကျော်လွန်ခွင့်ပြုပါက ယင်းကျော်လွန်ခွင့်ပြုသည့်ငွေကို မည်သည့်ဘဏ်က ရောင်းချပေးမည်ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ ဗဟိုဘဏ်နှင့် MICB တို့အနေဖြင့် ထည့်သွင်း စဉ်းစားပေးစေလိုပါကြောင်း၊ ဗဟိုဘဏ်က အာမခံကုမ္ပဏီများကို နိုင်ငံခြားငွေနှင့် ပတ်သက်၍ မည်သည့်ပမာဏအထိ ရောင်းချပေးရမည် ဟူသော အမိန့်ကို ပုဂ္ဂလိကဘဏ်များသို့ ထုတ်ပြန်မပေးနိုင်ဟု သိရှိရပါကြောင်း၊ ယခုသတ်မှတ်ထားသော အမေရိကန် ဒေါ်လာ (၅) သိန်းအပြင် ထပ်မံဝယ်ယူမည့် ပမာဏကို ပုဂ္ဂလိကအာမခံ ကုမ္ပဏီ တစ်ခုချင်းစီက မိမိတို့ဘာသာ သတ်မှတ်ပြီးနောက် မိမိတို့လိုအပ်သည့် အမြင့်ဆုံးနိုင်ငံခြားငွေပမာဏကို ဘဏ်တစ်ခုချင်းစီမှ သီးသန့်ရန်ပုံငွေအဖြစ် သတ်မှတ်၍ ကန့်သတ်ချက်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ ပုဂ္ဂလိက အာမခံကုမ္ပဏီများအနေဖြင့် မိမိတို့လိုအပ်သည့် နိုင်ငံခြားငွေ ပမာဏအများဆုံးကို သိရှိပါက ယင်းငွေ ပမာဏအတွက် အထောက်အထား ပြည့်စုံလျှင် ရောင်းချပေးရန်ဟူသောအမိန့်ကို သက်ဆိုင်ရာဘဏ်များသို့ ဗဟိုဘဏ်မှ ကြိုတင် ထုတ်ပေးနိုင်သည်ဟု သိရှိရပါကြောင်း၊ နောက်ခံဘဏ်ရှိသော အာမခံ ကုမ္ပဏီများအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင်ဘဏ်ဖြင့် ချိတ်ဆက်၍လည်းကောင်း၊ နောက်ခံဘဏ် မရှိသော အာမခံကုမ္ပဏီများအနေဖြင့် MICB ဘဏ် နှင့် ချိတ်ဆက်၍လည်းကောင်း ဆောင်ရွက်နိုင်ပါကြောင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများကလည်း မိမိတို့သိရှိသော လမ်းကြောင်းများကို ပါဝင်ဆွေးနွေးပေးပါရန်နှင့် ယင်းကဲ့သို့ ဆွေးနွေးခြင်းဖြင့် တဆင့်အာမခံကို မြန်မြန်ဆန်ဆန် လုပ်ဆောင် သွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၅။ ယင်းနောက် ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ ဆွေးနွေးရာတွင် IKBZ ကုမ္ပဏီက ၎င်း၌ KBZ ဘဏ် နောက်ခံရှိသည့်အတွက် နိုင်ငံခြားငွေရရှိရေးနှင့် စပ်လျဉ်း၍ KBZ ဘဏ်နှင့်သာ ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။

၆။ Aung Thitsa Oo Co., Ltd အနေဖြင့် Reinsurance Premium Outgo အတွက် နိုင်ငံခြားငွေ သုံးစွဲရန်နှင့် နိုင်ငံခြားငွေဖြင့် လက်ခံဆောင်ရွက်ထားသည့် ပေါ်လစီများအတွက် လျော်ကြေးပေးရန် နိုင်ငံခြားငွေလိုအပ်ပါကြောင်း၊ အာမခံကုမ္ပဏီများသည် နိုင်ငံခြားငွေသုံးစွဲမှု ပမာဏ များပြားမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုအတွက် ညွှန်ကြားချက်ကန့်သတ်ချက်များ မရှိသေးပါကြောင်း၊ ကုမ္ပဏီများတွင် FE Earning များများမရှိဘဲ ပြင်ပပေါက်ဈေးဖြင့် ဝယ်ယူ

သုံးစွဲခြင်းသည် တိုင်းပြည်၏ နိုင်ငံခြားငွေအပေါ် ထိခိုက်နိုင်ပါကြောင်း၊ ဘဏ်နောက်ခံရှိသော အာမခံကုမ္ပဏီများ သက်ဆိုင်ရာဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ ဆွေးနွေးချက်များအရ Aung Thitsa Oo သည် နိုင်ငံခြားငွေရရှိရေးအတွက် မြဝတီဘဏ်လီမိတက်နှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။

၇။ ထို့နောက် Grand Guardian Insurance Co., Ltd က ၂၀၁၆ ခုနှစ်၊ မြန်မာနိုင်ငံရှိ မြန်မာ့အာမခံလုပ်ငန်းမှ ရရှိသော တိကျသည့် Data အရ ပရီမီယံဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း (၁၀၀) ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်၌ ခန့်မှန်းခြေအရ နိုင်ငံခြားသို့ စီးထွက်သည့် ပရီမီယံမှာ အမေရိကန် ဒေါ်လာ (၂၀၀) ဘီလီယံ မှ (၃၀၀) ဘီလီယံအထိ ရှိပါကြောင်း၊ တဆင့်အာမခံသည် နိုင်ငံခြားသို့ တိုက်ရိုက်အာမခံအကာအကွယ်ယူခြင်းဖြစ်၍ နိုင်ငံခြားသို့ စီးထွက်မည့် နိုင်ငံခြားငွေ ပမာဏကို သိရှိရ ပါက ပြည်တွင်းအာမခံလုပ်ငန်း၌ အဆင်ပြေသွားမည်ဟု ယူဆမိပါကြောင်း၊ တဆင့်အာမခံကို ဆောင်ရွက်လျှင် ပြည်တွင်း အာမခံကုမ္ပဏီများ၏ Paid Up Capital ကို ကြီးကြပ်ရေးအဖွဲ့ အနေဖြင့် မြှင့်တင်ပေးပါက အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေနှင့် စပ်လျဉ်းသည့် Paid Up Capital မြှင့်တင်သည့်အခါ ယေဘုယျအားဖြင့် မိမိတို့ဘဏ်မှ မတည်ငွေ လုံလောက်သည်ဟု ယူဆပါကြောင်း၊ အမေရိကန်ဒေါ်လာကို လိုအပ်သလိုပြောင်းပေးနိုင်ပါက ပိုမို အဆင်ပြေနိုင်မည် ဖြစ်ပါကြောင်း၊ တဆင့် အာမခံကို ဆောင်ရွက်မည်ဆိုပါက အာမခံကုမ္ပဏီများ အနေဖြင့် နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်ကို ဗဟိုဘဏ်မှ ရရှိရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ Co-insurance ကို လတ်တလော ဆောင်ရွက်နေဆဲဖြစ်ရာ ယင်းအတွက် နိုင်ငံခြားငွေကို စဉ်းစားရန်မလိုအပ်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော Co-insurance အစား တဆင့်အာမခံကို ဆောင်ရွက်မည် ဆိုပါက နိုင်ငံခြားငွေများသည် ပြည်ပသို့စီးထွက်သွားမည် ဖြစ်ပါကြောင်း၊ National-Re ကို မြန်မာ့အာမခံလုပ်ငန်းက ဦးဆောင်၍ ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ ရရှိသော အာမခံဝင်ငွေတိုင်းကို ခွဲဝေဆောင်ရွက်ပြီး ပိုငွေကိုသာ တဆင့်အာမခံထားရှိပါက ပြည်ပသို့ နိုင်ငံခြားငွေ စီးထွက်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ တဆင့်အာမခံသည် အာမခံဈေးကွက် တိုးတက်ရန် အထောက် အကူပြုသည့်အတွက် ယင်းစနစ်ကို ဆောင်ရွက် ရန်လိုအပ်ပါကြောင်း၊ အာမခံလုပ်ငန်း ကြီးကြပ်ရေး အဖွဲ့၏ လမ်းညွှန်မှုနှင့် ဗဟိုဘဏ်၏ ဥပဒေဘောင်အတွင်း ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဟု ယူဆမိပါကြောင်း၊ နိုင်ငံတကာအာမခံ ဈေးကွက်၌ တဆင့်အာမခံကို လုပ်ကိုင်နေသည့် ကုမ္ပဏီများ အများအပြားရှိသောကြောင့် မိမိတို့ အနေဖြင့် မည်သည့်ကုမ္ပဏီများနှင့် ချိတ်ဆက် ဆောင်ရွက်မည်၊ လုပ်ငန်းဆောင်ရွက်မှု မည်မျှရှိသည်ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ အာမခံကုမ္ပဏီများက တဆင့် အာမခံ လုပ်ကိုင်ခွင့်ကို အဆိုပြုလျှောက်ထားခြင်းမရှိဘဲ လုပ်ကိုင်ခြင်းအား ကြီးကြပ်ရေးအဖွဲ့က ခွင့်မပြုသင့်ပါကြောင်း၊ ယင်းကိစ္စ အတွက် ကြီးကြပ်ရေးအဖွဲ့နှင့် ဗဟိုဘဏ်မှ ညှိနှိုင်းဆွေးနွေး၍ လမ်းညွှန်မှုပြုစေလိုပါကြောင်း၊ အာမခံကုမ္ပဏီတစ်ခုချင်းစီမှ အမေရိကန်ဒေါ်လာ မည်မျှ ထိန်းသိမ်း

ထားနိုင်မည်ကို တင်ပြပေးလျှင် ကြီးကြပ်ရေးအဖွဲ့အနေဖြင့် လမ်းညွှန်မှုပြုနိုင်ပါက ပိုမို အဆင်ပြေ နိုင်မည်ဟု ယူဆမိပါကြောင်း တင်ပြခဲ့ပါသည်။

၈။ ဆက်လက်၍ CB Insurance ကုမ္ပဏီမှ ဆွေးနွေးပြောကြားရာတွင် ယင်းတို့သည် အသက် အာမခံလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီတစ်ခု ဖြစ်သည့်အတွက် နိုင်ငံခြားငွေဖြင့် တဆင့်အာမခံ ထားရှိခြင်းသည် ၎င်းတို့နှင့် သက်ဆိုင်မှုမရှိပါကြောင်း၊ အလုပ်သဘောဆွေးနွေးခြင်းထက် Data ကို အခြေခံ၍ သေသေချာချာ ဆွေးနွေးပါက ပိုမို အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ Data ကို အခြေခံ ပါက အာမခံဈေးကွက်အတွက် နိုင်ငံခြားငွေ လိုအပ်ချက် မည်မျှရှိသည်ကို သိရှိနိုင်ပါ ကြောင်း၊ Data အတိအကျ သိရှိရမည်ဆိုပါက နိုင်ငံခြားငွေလိုအပ်ချက်နှင့် စပ်လျဉ်းသည့် စိုးရိမ်မှုကို လျော့နည်းစေနိုင်ပါ ကြောင်း၊ အကယ်၍ တဆင့်အာမခံကို ဆောင်ရွက်မည်ဆိုပါက ဘဏ်များမှ ဆောင်ရွက်ပေးနိုင်မည်ဟု ထင်မြင်မိပါကြောင်း၊ အကြောင်းမှာ ဘဏ်များအနေဖြင့် တစ်နှစ်တာ ကာလအတွင်း Export & Import လုပ်ငန်းများမှ အမေရိကန်ဒေါ်လာ (၂၀) ဘီလီယံ မှ (၃၀) ဘီလီယံအထိ ရရှိသည့်အတွက် တစ်လလျှင် အမေရိကန်ဒေါ်လာ (၁) ဘီလီယံကျော်အထိ သုံးစွဲနိုင် သောကြောင့်ဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် CB Bank က တဆင့်အာမခံ ပရီမီယံကို နိုင်ငံခြားငွေ ဖြင့်ပေးပို့ရန်အတွက် အာမခံကုမ္ပဏီများက ကျပ်ငွေပေးသွင်းလျှင် မည်သည့်အချိန်တွင်မဆို မည်မျှ များပြားသည့်ပမာဏကိုဖြစ်စေ နေ့ချင်းပြီး တဆင့်အာမခံကုမ္ပဏီသို့ နိုင်ငံခြားငွေဖြင့် ပေးပို့ပေး မည်ဟုပြောကြားခဲ့ကြောင်း၊ တဆင့်အာမခံကို ဆောင်ရွက်ပါက နိုင်ငံခြားငွေ မည်မျှသုံးစွဲ မည်ကို ခန့်မှန်းနိုင်မည်ဆိုလျှင် ယင်းတဆင့် အာမခံကို လုပ်ကိုင်ရန်အတွက် အခက်အခဲရှိနိုင်မည် မဟုတ်ပါ ကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် အမေရိကန်ဒေါ်လာ သန်းရာချီသည့် ပမာဏဖြင့် လုပ်ကိုင် နေပါကြောင်း၊ လက်ရှိအခြေအနေတွင် Premium Income အရ မီးအာမခံနှင့် အလုံးစုံ မော်တော် ယာဉ်အာမခံတို့၌သာ အာမခံထားသူ များပြားနေပါကြောင်း၊ လုပ်ငန်းအကြီးကြီးများကိုသာ တဆင့်အာမခံထားရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ သတင်းအချက်အလက်နှင့် Data ရရှိရန် အလွန်အရေးကြီးပါကြောင်း၊ သို့မှသာ ထိရောက်သည့် အဖြေကို အလွယ်တကူ ရှာဖွေနိုင်မည် ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။

၉။ Aung Myintmho Min Insurance ကုမ္ပဏီမှ ဆွေးနွေးပြောကြားရာတွင် ၎င်းတို့၌ အင်းဝဘဏ်နောက်ခံရှိသည့်အတွက် နိုင်ငံခြားငွေလိုအပ်ချက် မရှိပါကြောင်း တင်ပြခဲ့ပါသည်။

၁၀။ AYA Myanmar Insurance ကုမ္ပဏီမှ ဆွေးနွေးပြောကြားရာတွင် မိမိတို့အတွက် ဒေါ်လာ ရရှိမှု အရင်းအမြစ်အဖြစ် ရောဝတီဘဏ်ရှိနေပါသောကြောင့် ပြဿနာမရှိပါကြောင်း၊ Industrial Data ရရှိရန်မှာ ခက်ခဲပါကြောင်း၊ လက်ရှိတွင် Co-insurance ဖြင့်သာ လုပ်ကိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် စီးပွားရေးအခြေခံ (Economy) ပြောင်းလဲလာသည့်အလျောက် တန်ဖိုးကြီးသော Infrastructure Project များ ပိုမိုများပြားလာရာတွင် တဆင့်အာမခံလုပ်ငန်းများ လက်ခံသည့်အပိုင်းတွင် မြန်မာကျပ်ငွေဖြင့် ပရီမီယံကောက်ခံ၍ နိုင်ငံခြားတဆင့်ခံအာမခံကုမ္ပဏီ

များနှင့် သက်ဆိုင်သည့်ပရီမီယံငွေကို USDဖြင့် ပေးချေရမည်ဖြစ်သလို Claim ပေါ်ပေါက်ရာတွင်လည်း Reinsurer များက ပေးလျော်ရမည့် လျော်ကြေးငွေကို USD ဖြင့်ရရှိမည်ဖြစ်ရာ အဆိုပါငွေသားစီးဆင်းမှု၊ ငွေကြေးပြောင်းလဲမှုနှင့် နိုင်ငံခြားငွေလွှဲပြောင်းမှုကိစ္စများအား မည်မျှအထိ ဆောင်ရွက်နိုင်သည်ကို ဗဟိုဘဏ်နှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့တို့မှ လမ်းညွှန်ပေးစေလိုပါကြောင်း တင်ပြခဲ့ပါသည်။

၁၁။ First Nation Insurance ကုမ္ပဏီမှ ဆွေးနွေးပြောကြားရာတွင် နိုင်ငံခြားငွေ ကိုင်ဆောင်သုံးစွဲခွင့် မရှိသေးသဖြင့် တဆင့်အာမခံကို ဆောင်ရွက်ပါက မည်သည့် နည်းလမ်းဖြင့် လျော်ကြေးပေးလျော်ရမည်ကို မသိရှိသေးပါကြောင်း၊ မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ လမ်းညွှန်ပေးသင့်ပါကြောင်း၊ ကြီးမားသည့်လုပ်ငန်းကြီးများအတွက်မူ ကြီးကြပ်ရေးအဖွဲ့မှ လုပ်ငန်းတစ်ခုချင်းစီအလိုက် မူဘောင်ချမှတ်ပြီး တာဝန်ယူဆောင်ရွက်ပေးသင့်ပါကြောင်း၊ နိုင်ငံခြားငွေသုံးစွဲခွင့်နှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာ (၅) သိန်း ဖြစ်သဖြင့် Paid up Capital လုံလောက်သောကြောင့် အာမခံကုမ္ပဏီများအနေဖြင့် ထပ်မံမတိုးသင့်ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော Co-insurance စနစ်ကို အသုံးပြုခြင်းက ပရီမီယံဝင်ငွေများ နိုင်ငံခြားသို့ စီးထွက်ခြင်းကို တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ကြီးကြပ်ရေးအဖွဲ့မှ နိုင်ငံခြားငွေ သုံးစွဲမှုအတွက် လမ်းညွှန်ချက်များအပေါ် အဓိကဆွေးနွေးပေးရန် တင်ပြလိုပါကြောင်း၊ လက်တွေ့ကျကျ ဆုံးဖြတ်ပါက ပိုမို ကောင်းမွန်မည်ဟု ယူဆမိပါကြောင်း၊ Co-insurance ကို ထပ်တိုး၍ စဉ်းစားပေးသင့်ကြောင်း တင်ပြခဲ့ပါသည်။

၁၂။ Global World Insurance ကုမ္ပဏီမှ ဆွေးနွေးပြောကြားရာတွင် မိမိတို့ကုမ္ပဏီသည် နောက်ခံဘဏ်မရှိသော အာမခံကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ နိုင်ငံခြားငွေနှင့် ပတ်သက်၍ ငွေကြေးလွှဲပြောင်းမှုကို MICB ဘဏ်တွင် ဘဏ်စာရင်းဖွင့်လှစ်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တဆင့်အာမခံကို မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများမှ ပူးပေါင်း၍ ဆောင်ရွက်ပါက နိုင်ငံတကာ အာမခံလုပ်ငန်းတွင် ယှဉ်ပြိုင်နိုင်မည်ဟု ထင်မြင်မိပါကြောင်း တင်ပြခဲ့ပါ သည်။

၁၃။ Capital Life Insurance ကုမ္ပဏီမှလည်း မိမိတို့ကုမ္ပဏီအနေဖြင့် နောက်ခံ ဘဏ်မရှိပါကြောင်း၊ နိုင်ငံခြားငွေ လွှဲပြောင်းမှုကို MICB ဘဏ်တွင် ဘဏ်စာရင်းဖွင့်လှစ်ပြီး လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်းနှင့် ကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။

၁၄။ Young Insurance Global ကုမ္ပဏီ မှ ဆွေးနွေးပြောကြားရာတွင် မိမိတို့ ကုမ္ပဏီအနေဖြင့် အထွေထွေအာမခံလုပ်ငန်းကို စတင်လုပ်ကိုင်နေခြင်းဖြစ်၍ တင်ပြရန်မရှိပါကြောင်းနှင့် အများ၏ ဆုံးဖြတ်ချက်အပေါ်တွင် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြခဲ့ပါသည်။

၁၅။ Excellent Fortune Insurance ကုမ္ပဏီမှ ဆွေးနွေးပြောကြားရာတွင် မိမိတို့ ကုမ္ပဏီ အနေဖြင့် အသက်အာမခံလုပ်ငန်းကိုသာ လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်၍ နိုင်ငံခြားငွေနှင့် စပ်လျဉ်းပြီး လုပ်ငန်း ဆောင်ရွက်မှုမရှိပါကြောင်း၊ ကြီးကြပ်ရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၁၆။ ထို့နောက် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်၊ ဦးဝင်းမြင့်ဟန်က တဆင့်အာမခံထားပါက ပရီမီယံကို နိုင်ငံခြားငွေဖြင့် ပေးရမည် ဖြစ်ကြောင်း၊ ကြီးကြပ်ရေးအဖွဲ့မှ ပုဂ္ဂလိကအာမခံကုမ္ပဏီ များဘက်သို့ များစွာ ထည့်သွင်းစဉ်းစားသည့်အတွက် ယင်းအား အကောင်အထည်ဖော်ရာတွင် နှောင့်နှေးနေရခြင်းဖြစ်ပါကြောင်း၊ ယင်းတဆင့်အာမခံ နှင့်ပတ်သက်၍ (၃) ကြိမ်၊ (၄) ကြိမ် အစည်းအဝေးပြုလုပ်ပြီး စဉ်းစားခြင်းဖြစ်သောကြောင့် အကောင်အထည်ဖော်ရန် နီးစပ်နေပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ပင် တဆင့်အာမခံကို ယခုနှစ်မှ စတင်မဆောင်ရွက်လျှင် လာမည့်နှစ်တိုင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း၌ တဆင့်အာမခံ ကို ဆောင်ရွက်ရန် Manpower ရှိသော်လည်း နည်းပညာနှင့် စီမံဆောင်ရွက်မည့် သူများအပြင် လုပ်ငန်းစဉ် နှင့် နိုင်ငံခြားငွေများလည်း လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ကြန့်ကြာနေရ ခြင်းမှာ နိုင်ငံခြားငွေ လိုအပ်ချက်နှင့် ပတ်သက်နေခြင်းကြောင့်ဖြစ်ပါကြောင်း၊ တဆင့်အာမခံကို မတည်ငွေ နှင့် မရောထွေးသင့်ကြောင်း၊ အာမခံကုမ္ပဏီတစ်ခုချင်းစီက (၁) နှစ်လျှင် နိုင်ငံခြားငွေ ပမာဏအပေါ် မိမိတို့ မည်မျှ သုံးစွဲမည်ကို စဉ်းစားရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်း ပမာဏကို မည်ကဲ့သို့ ဝယ်ယူရမည်ကို သိရှိလိုပါကြောင်း၊ အာမခံကုမ္ပဏီများ၌ နိုင်ငံခြားငွေရှိပါက ယင်းအခက်အခဲကို စဉ်းစားရန်လိုမည် မဟုတ်ပါ ကြောင်း ပြောကြားခဲ့ပါသည်။

၁၇။ ဆက်လက်၍ ဦးဝင်းမြင့်ဟန်က အာမခံကုမ္ပဏီအများစုက အာမခံလက်ခံရာ၌ မြန်မာကျပ် ငွေဖြင့်သာ ရရှိသဖြင့် ယင်းကျပ်ငွေအား နိုင်ငံခြားငွေဖြင့် လဲလှယ်နိုင်ရန်အတွက် စဉ်းစားရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံခြားငွေကို မည်ကဲ့သို့ ဝယ်ယူရမည်ကို မသိရှိသေးပါ ကြောင်း၊ ဘဏ်များရှိ နိုင်ငံခြားငွေကို မြန်မြန်ဆန်ဆန် ဝယ်ယူ၍ရရှိပါက အဆင်ပြေ နိုင်မည်ဖြစ်ပါ ကြောင်း၊ တဆင့်အာမခံပရီမီယံကို နိုင်ငံခြားငွေဖြင့်ပေးပို့ရန်အတွက် အာမခံကုမ္ပဏီများက ကျပ်ငွေပေးသွင်းလျှင် မည်သည့်အချိန်တွင်မဆို မည်မျှများပြားသည့်ပမာဏကိုဖြစ်စေ နေ့ချင်းပြီး တဆင့်အာမခံကုမ္ပဏီသို့ နိုင်ငံခြားငွေဖြင့်ပေးပို့ရန် နိုင်ငံသားစီးပွားရေးအာမခံကုမ္ပဏီနှင့် ရောမြန်မာအာမခံကုမ္ပဏီများ၏ဘဏ်များမှ ဆောင်ရွက်ပေးနိုင်သည်ဟူသော အကြောင်းကို (၂)ကြိမ်၊ (၃)ကြိမ်မေး၍ အတည်ပြုခဲ့ကြောင်း၊ ဥပမာ- အမေရိကန်ဒေါ်လာ သန်းတစ်သောင်းထိ

အာမခံ ဝယ်ယူပါက အာမခံကုမ္ပဏီများအနေဖြင့် လက်ခံချင်သော်လည်း ယင်းကို တဆင့်အာမခံပြန်ထားရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့် အချိန်တွင် နိုင်ငံခြားငွေကို လွယ်လွယ်ကူကူရရှိရန် အရေးကြီးပါကြောင်း၊ ယခု အစည်းအဝေး၌ အဆုံးအဖြတ်ပေးရန်မှာ နောက်ခံဘဏ်ရှိခြင်း/မရှိခြင်းထက် အာမခံကုမ္ပဏီများက မြန်မာကျပ်ငွေဖြင့် နိုင်ငံခြားငွေကို ဝယ်ယူပါက နိုင်ငံခြားငွေပမာဏကို မည်မျှအထိ မြန်မြန် ရောင်းပေးနိုင်မည်ကို သိရှိလိုပါကြောင်း၊ နောက်ခံဘဏ်ရှိသော်လည်း နိုင်ငံခြားငွေ မရရှိပါက အခက်အခဲဖြစ်နိုင်သည့်အတွက် နောက်ခံဘဏ်ရှိခြင်း/မရှိခြင်းက အရေးမကြီးပါ ကြောင်း၊ မိမိတို့ ကုမ္ပဏီစတင်တည်ထောင်စဉ်ကတည်းက လစဉ်အသေးစိတ်အချက်အလက်များကို ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသို့ ပေးပို့ထားပါကြောင်း၊ သို့ဖြစ်၍ ကုမ္ပဏီများအား ဝင်ရောက် စစ်ဆေးရန် ပြောကြားလိုပါကြောင်း၊ ထိုသို့ မပြုလုပ်ပါက တစ်ချိန်ချိန် တွင် အာမခံကုမ္ပဏီများ ဒုက္ခရောက်နိုင်သောကြောင့် မဖြစ်မနေ စစ်ဆေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ဆောင်ရမည် ဖြစ်သည့်အတွက် စစ်ဆေးရှင်းလင်းထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တဆင့်အာမခံလုပ်ရန်အတွက် အကြိမ်ကြိမ် စဉ်းစားပြီး ဖြစ်ပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအား Lead Insurer အဖြစ် သိက္ခာရှိရှိ ဆောင်ရွက်ပေးစေလိုကြောင်း၊ တဆင့်အာမခံကို ဆောင်ရွက်သည့်အခါ မြန်မာကျပ်ငွေဖြင့် နိုင်ငံခြားငွေကို ဝယ်ယူ၍ ရရှိနိုင်ပါက ပရီမီယံကို မြန်မာကျပ်ငွေဖြင့် ရယူနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းမှ ပုဂ္ဂလိက အာမခံကုမ္ပဏီ များမှ ရရှိသော အာမခံတိုင်း၏ (၁၀) ရာခိုင်နှုန်း (သို့မဟုတ်) (၅) ရာခိုင်နှုန်းကို ရယူ၍ Lead Insurer အဖြစ် လုပ်သင့်ကြောင်း၊ မိမိတို့အနေဖြင့် (၃၀) ရာခိုင်နှုန်းအထိ ပေးနိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် State-owned Insurer များအနေဖြင့် (၁၀) ရာခိုင်နှုန်းယူ၍ Lead Insurer အဖြစ် ဆောင်ရွက်နေသဖြင့် မြန်မာ့အာမခံလုပ်ငန်းမှ ယင်းကဲ့သို့ ဆောင်ရွက်ပြီး တဆင့်အာမခံ ပြန်ထားသင့် ပါကြောင်း၊ အာမခံကုမ္ပဏီ များအားလုံးမှ (၁၀) ရာခိုင်နှုန်းစီ ရယူပါက ပမာဏ များပြားမည်ဖြစ်၍ ယင်းအပေါ် တဆင့်အာမခံ ထားရှိခြင်း ဖြစ်ပါကြောင်း၊ ပထမနှစ်၌ Potential ဖြင့် လုပ်ဆောင်ပြီး နောင်နှစ်များတွင် ကုမ္ပဏီ အချင်းချင်း အပြန်အလှန်ထားရှိခြင်းကို ဆက်လက်ခွင့်ပြုနိုင်မည် ဖြစ်ပါကြောင်း ပြောကြားခဲ့ ပါသည်။

၁၈။ ထပ်မံ၍ မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန္ဒာဦးက ယခုအစည်းအဝေးသည် တဆင့်အာမခံအား အကောင်အထည်ဖော်ရန်ဖြစ်သည့်အတွက် မြန်မာ့အာမခံလုပ်ငန်းနှင့်ပုဂ္ဂလိက အာမခံကုမ္ပဏီများက စုစည်းပြီး ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ အာမခံဈေးကွက် ဖွင့်ချိန်တွင် နိုင်ငံခြား အာမခံကိုယ်စားလှယ်များလည်း အဆက်မပြတ် ဝင်ရောက်လာမည်ဖြစ်ရာ နိုင်ငံတကာ၌ မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ ယှဉ်ပြိုင်နိုင်ရန် ဝိုင်းဝန်းစဉ်းစားသင့်သည်ဟု အကြံပြုပြောကြားလိုကြောင်း၊ အားလုံးပေါင်းစည်းလုပ်ဆောင်ခြင်းက ပို၍အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ထိန်းချုပ်မှုအောက်တွင် တည်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးမှ Market Mechanism အတိုင်း လုပ်ဆောင်

ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းတွင် Re-insurance Department ထူထောင်ခြင်းနှင့် စပ်လျဉ်း၍ လာမည့် EC တွင် အတည်ပြုသင့်သည် ဟု ပြည်ထောင်စုဝန်ကြီးမှ ပြောကြားထားပြီး ဖြစ်ပါကြောင်း၊ ကြီးကြပ်ရေးအဖွဲ့မှ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများအား ဆောင်ရွက်ခွင့်ပြုမည့် Re-insurance Facility တွင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ် ပေးသော ရာခိုင်နှုန်းဖြင့် ဆောင်ရွက် ရမည်ဖြစ်၍ Re-insurance Department တည်ထောင်ရခြင်း ဖြစ်ပါကြောင်း၊ အာမခံပရီမီယံ ကျပ်သန်း (၅၀၀) အောက်ဆိုပါက မိမိတို့ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ကျပ်သန်း (၅၀၀) နှင့် ကျပ်သန်း (၂၅၀၀) အကြား ဖြစ်ပါက Co-insurance ဖြင့် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ကျပ်သန်း (၂၅၀၀) အထက်ဆိုပါက တဆင့်အာမခံ ထားရှိရန် ဖြစ်ပါကြောင်း၊ ကျပ်သန်း (၅၀၀) အောက် ပမာဏကို တဆင့်အာမခံ လုပ်ခွင့်ပြုပါက သက်ဆိုင်ရာ အာမခံကုမ္ပဏီများမှ လုပ်ဆောင် သွားကြမည်ဖြစ်ရာ မြန်မာ့အာမခံ လုပ်ငန်းက ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ အာမခံတိုင်းအပေါ် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ် ပေးသောနှုန်းများအတိုင်း ရရှိမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အာမခံများအပေါ် Retention တစ်ခုကို ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မဟုတ် ပါက အာမခံကုမ္ပဏီများက အာမခံငွေအားလုံးကို တဆင့်အာမခံ ထားရှိနိုင် ပါကြောင်း၊ ယင်းပုံစံ (၃)မျိုးအတွက် ထပ်ဆင့် တဆင့်အာမခံကို မည်ကဲ့သို့ ဆက်လက် ဆောင်ရွက် သွားမည်ဟူသော အစီအစဉ်ကို ကြီးကြပ်ရေးအဖွဲ့က ပြောကြားပေးစေလိုကြောင်း၊ သို့မှသာ မြန်မာ့အာမခံ လုပ်ငန်း အနေဖြင့် မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်သွားသင့်သည်ကို ပြောကြားနိုင်မည် ဖြစ်ပါကြောင်း၊ တဆင့်အာမခံလုပ်ငန်း လုပ်ကိုင်သူများနှင့် ကိုယ်စားလှယ်များကို မိမိတို့ ဘာသာရှာဖွေခွင့် ရှိသည့်အတွက် ၎င်းတို့၌ Creditability ရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စ၌ မြန်မာ့အာမခံ လုပ်ငန်း အနေဖြင့် ကြားဝင်ဆောင်ရွက်ရန် မသင့်တော်ပါကြောင်း ပြောကြားခဲ့ပါသည်။

၁၉။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်၊ ဦးဌေးဝိုင်မှ ဆွေးနွေးပြောကြားရာတွင် ယခု အစည်းအဝေးသည် (၃) ကြိမ်မြောက် ဆွေးနွေးခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တဆင့်အာမခံ နှင့်စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ (၅) သိန်းသွင်း၍ နိုင်ငံခြားငွေကို လိုအပ်သည့် အခါ ပေးနိုင်၊ မပေးနိုင်ကို ယခင်အစည်းအဝေးများ၌ ပြန်လည်ဖြေကြားနိုင်ခြင်း မရှိသည့်အတွက် စိတ်ပျက်မိပါကြောင်း၊ ယင်းအစည်းအဝေးများ၌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က တဆင့်အာမခံသည် နိုင်ငံအတွက် ကောင်းမွန်သည့် အစီအစဉ် တစ်ခုဖြစ်သော်လည်း နိုင်ငံခြားငွေ ရရှိနိုင်မှု အခက်အခဲကြောင့် ခေတ္တဆိုင်းငံ့ပြီး နိုင်ငံတော်၏ အခြေအနေနှင့်လိုက်၍ ဆောင်ရွက်သင့် ကြောင်းနှင့် ဗဟိုဘဏ်အနေဖြင့် တဆင့်အာမခံအတွက် နိုင်ငံခြားငွေ ပိုမိုသုံးစွဲခွင့်ရရှိရေးနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကဘဏ်ကြီးများကို ခေါ်ကာ ညှိနှိုင်းသွားမည် ဟု ပြောကြားခဲ့သည်ကို တင်ပြလိုပါကြောင်း၊ တဆင့်အာမခံတွင် ငွေလဲလှယ်ရာ၌ အခက်အခဲများ ရှိပါကြောင်း၊ National Re ကို မသွားနိုင်မီ မြန်မာ့အာမခံလုပ်ငန်းကို အာမခံတိုင်း၏ (၁၀) ရာခိုင်နှုန်း ပေးရန်ဖြစ်ပါကြောင်း၊ Co-insurance ကို ဖျက်သိမ်းပါက ဈေးကွက်ပျက်နိုင်သည့်

အတွက် Co-insurance ကို ဆက်လက်လုပ်ဆောင်သင့်ပါ ကြောင်း၊ ရရှိမည့် Data အချက်အလက်များအား ပွင့်လင်းမြင်သာမှု ရှိစေရန် အရေးကြီးပါကြောင်း ပြောကြားခဲ့ပါသည်။

၂၀။ ထို့နောက် မြန်မာ့အာမခံလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးလွင်ဦးက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လိုသည့် တဆင့်အာမခံနှင့်ပတ်သက်၍ Model (၃)ခု ဖြင့် တင်ပြခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အတွေ့အကြုံမရှိသေးသည့်အတွက် Co-reinsurer အနေဖြင့်သာ ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ Lead Reinsurer လုပ်ပါက Terms and Condition နှင့် Premium နှုန်းများ သတ်မှတ်ပေးရန်နှင့်ပတ်သက်၍ အခက်အခဲရှိပါသဖြင့် မြန်မာ့အာမခံလုပ်ငန်းသည် Lead Reinsurer အဖြစ် မလုပ်နိုင်သေးပါကြောင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများမှထားသည့် တဆင့်အာမခံတိုင်းတွင် (၃၀) ရာခိုင်နှုန်းစီရယူ၍ Co-reinsurer ဆောင်ရွက်ခြင်းက အဆင်ပြေသဖြင့် Model (၃) ခုဖြင့် တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးသည် အဆင့်ကျော်၍ ဆွေးနွေးနေပါကြောင်း၊ လမ်းလျှောက်သင်နေဆဲကလေးကို ပြေးခိုင်းနေသည်နှင့် တူနေပါကြောင်း၊ မိမိတို့အနေဖြင့် Lead Reinsurer အနေဖြင့် ဆောင်ရွက်ရန် အတွေ့အကြုံမရှိသေးပါကြောင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများက ကျပ်ငွေဖြင့် လက်ခံထားသည့် ပေါ်လစီများကို Treaty စနစ်ဖြင့် တဆင့်အာမခံကို စတင်သင့်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဒေါ်လာရရှိရန် အခက်အခဲရှိပါသဖြင့် Facicltative စနစ်က နောက်မှ ကျင့်သုံးပြီး ပထမခြေလှမ်း အဖြစ် Treaty စနစ်ဖြင့် စတင်သင့်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မြန်မာ့အာမခံလုပ်ငန်း မီးအာမခံနှင့် ရေကြောင်းပိုလွန်ဆုံးရှုံးမှု တဆင့်အာမခံတွင် တဆင့်အာမခံပရီမီယံ (၁)သိန်းကျော်သာ ပေးရပါကြောင်း၊ တဆင့်အာမခံထားရှိရေးတွင် Portion (၂) ခု ရှိပါကြောင်း၊ မြန်မာကျပ်ငွေဖြင့် လက်ခံထားသော ပေါ်လစီနှင့် ဒေါ်လာဖြင့်လက်ခံထားသော ပေါ်လစီဟူ၍ Portion (၂) ခု အနက် မြန်မာကျပ်ငွေဖြင့် အာမခံလက်ခံထားသော ပေါ်လစီများကို တဆင့်အာမခံထားရန် ဦးစားပေးဆွေးနွေးသင့်ပါကြောင်း၊ ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ တဆင့်အာမခံကို ပုံစံ (Form) တစ်မျိုးတည်း မဟုတ်ဘဲ၊ Form အမျိုးမျိုးဖြင့် အဆိုပြုပါက မိမိတို့ အနေဖြင့် Lead Reinsurer အဖြစ် ဆောင်ရွက်ရန် ပိုမိုအခက်အခဲရှိပါကြောင်း၊ မိမိတို့အား လက်ခံခွင့်ပြုရန် ရည်ရွယ်ထားသည့် (၁၀) ရာခိုင်နှုန်း ရယူပြီး Lead Reinsurer အဖြစ် နိုင်ငံတကာ တဆင့်အာမခံဈေးကွက်တွင် ကျန် (၉၀) ရာခိုင်နှုန်းကို Placement လုပ်ရန် မဖြစ်နိုင်ပါကြောင်း၊ တဆင့်အာမခံကို မြန်မာကျပ်ငွေဖြင့် လက်ခံထားသော ပေါ်လစီများအတွက် အလွယ်ကူဆုံးပုံစံဖြင့် တစ်ဆင့်ချင်းစီသာ သွားသင့်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့အာမခံဈေးကွက်သည် Well-Experience မရှိသေးသည့်အတွက် ဖြစ်ပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် Dollar Working Capital တိုးလိုခြင်းနှင့်ပတ်သက်၍ ဖြစ်ပါကြောင်း၊ ဒေါ်လာ (၅)သိန်းဖြင့် လက်ခံနေသော ပေါ်လစီများကို ဒေါ်လာသန်း (၂၀၀) လောက် လက်ခံရန်အတွက် Working Capital (Dollar)တိုးရန် မဖြစ်သင့်သေးပါကြောင်း၊ လက်ရှိတွင် ပုဂ္ဂလိကအာမခံကုမ္ပဏီများအား ဒေါ်လာဖြင့် လက်ခံရန် Working Capital မှာ

ဒေါ်လာ (၅)သိန်းသာရှိပြီး ပေါ်လစီ (၁)စောင်လျှင် ဒေါ်လာ(၅)သိန်းအထိ လက်ခံခွင့်ပြုထားပါသဖြင့် ပေါ်လစီ (၂)စောင် Total Loss ဖြစ်ခဲ့ပါက ဒေါ်လာကို မည်သည့်နေရာကရယူပြီး လျော်ကြေးပေးမည်ကို သိလိုပါကြောင်း၊ Working Capital တိုးလိုက တိုးနိုင်ပါကြောင်း၊ သို့သော် ပေါ်လစီ (၁)စောင်လျှင် အမြင့်ဆုံးလက်ခံရမည့်ပမာဏ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် သတ်မှတ်ပေးစေလိုပါကြောင်း၊ သို့မဟုတ်ပါက အာမခံဈေးကွက်နှင့် ဒေါ်လာဈေးကွက် ပျက်စီးသွားနိုင်ပါကြောင်း၊ ဒေါ်လာ Working Capital တိုးရန်ကို သီးခြားစဉ်းစားသင့်ပါကြောင်း၊ တိုးမြှင့်သတ်မှတ်ပြီးပါက တဆင့်အာမခံအတွက် Reinsurance Premium ကို ဒေါ်လာဖြင့် ရရှိသည့် Insurance Premium ဖြင့်ပေး၍ရပါကြောင်း၊ ဒေါ်လာနှင့် လက်ခံထားသည့်ပေါ်လစီမှာ အနည်းငယ်သာရှိပါသဖြင့် အများစုဖြစ်သည့် ကျပ်ငွေဖြင့် လက်ခံထားသော ပေါ်လစီများ တဆင့်အာမခံထားရှိရေးကို ဦးစားပေးသင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

၂၁။ ယင်းနောက် Aung Thitsar Oo Insurance Company မှ ထပ်မံတင်ပြရာတွင် မြန်မာငွေကျပ်ဖြင့် လက်ခံထားသောပေါ်လစီများကို တဆင့်အာမခံထားပါက နိုင်ငံခြားငွေဖြင့် ပရီမီယံပေးနေရမည်ဖြစ်ပြီး၊ လျော်ကြေးပေါ်မှသာ နိုင်ငံခြားငွေ ပြန်လည်ရရှိမည်ဖြစ်ပါကြောင်း၊ Quota Share Reinsurance အပြင် အခြားနည်းဖြစ်သည့် Excess of Loss Treaty ဖြင့် တဆင့်အာမခံထားရှိရန်လည်း စဉ်းစားထားပါကြောင်း၊ ယခင်အစည်းအဝေးတွင် မြန်မာ့အာမခံလုပ်ငန်းက အကြံပြုသည့် Model များအရ Co-insurance စနစ်ကိုလည်း ဆက်လက်ဆောင်ရွက်ရန်နှင့် တဆင့်အာမခံထားရှိသည့် အစီအစဉ်တိုင်းတွင် မြန်မာ့အာမခံလုပ်ငန်းသည် Reinsurer (၁)ဦး အနေဖြင့် Placement (၁၀) ရာခိုင်နှုန်းမှ (၃၀) ရာခိုင်နှုန်း အထိ ဦးစွာတာဝန်ယူမည်ဟု ဆွေးနွေးခဲ့ပါကြောင်း၊ Lead Insurer အဖြစ်ရပ်တည် မည်ဆိုပါက အချိုးရာခိုင်နှုန်း အများဆုံး တာဝန်ယူရန် လိုအပ်မည်ယူဆပါကြောင်း ပြောကြားခဲ့ပါသည်။

၂၂။ ဆက်လက်၍ Grand Guardian Insurance Company မှ တဆင့်အာမခံအပေါ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား၍ မရနိုင်သေးကြောင်း၊ အာမခံလုပ်ငန်း တိုးတက်သည့်အချိန်တွင် နိုင်ငံခြားအာမခံ ကုမ္ပဏီများမှ ဝင်ရောက်ယှဉ်ပြိုင်လာနိုင်မည် ဖြစ်သည့်အတွက် တဆင့်အာမခံကို လုပ်ကိုင်သည့်အခါ မတည်ငွေအား ပမာဏတစ်ခုအထိ မြှင့်တင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တဆင့်အာမခံအတွက် စွမ်းဆောင်ရည်မြှင့်တင်သည့်အခါ မည်သည့်အရာများကို ဆောင်ရွက်သင့်သည်ကို ကြီးကြပ်ရေးအဖွဲ့ အနေဖြင့် စဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် မတည်ငွေပမာဏ တစ်ခုခုဘောင်အတွင်း၌ ဆောင်ရွက်လိုပါက ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တဆင့်အာမခံနှင့် ပတ်သက်၍ ဒေါ်လာသန်းပေါင်းရာချီ၍ ရရှိလာပြီး ပြည်တွင်း၌ ဒေါ်လာလဲလှယ်ရန် အခက်အခဲရှိသည့် ကိစ္စရပ်မျိုးတွင် ဆောင်ရွက်ရမည့် အစီအစဉ်ကို ကြီးကြပ်ရေး အဖွဲ့သို့ တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဒေါ်လာကိုင်ဆောင်ခွင့်လိုင်စင် အတွက် ဗဟိုဘဏ်သို့ လျှောက် ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

၂၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးဝင်းထိုက်က ဆွေးနွေးရာ၌ ယနေ့ အစည်းအဝေးမတိုင်မီရက်တွင် ပုဂ္ဂလိကဘဏ်များမှ နိုင်ငံခြားဘဏ်လုပ်ငန်းဌာန တာဝန်ရှိသူများထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ပါကြောင်း၊ ယင်းတို့နှင့် ဆွေးနွေးမှုအရ အာမခံလုပ်ငန်းများအနေဖြင့် တဆင့်အာမခံအတွက် နိုင်ငံခြားအာမခံကုမ္ပဏီများသို့ နိုင်ငံခြားငွေလွှဲပို့ရန် ရှိပါကလိုအပ်သော နိုင်ငံခြားငွေများကို ပုဂ္ဂလိကဘဏ်များက ရောင်းချပေးနိုင်ပါကြောင်း၊ အာမခံလုပ်ငန်းကုမ္ပဏီများအနေဖြင့် ၎င်းတို့လွှဲပို့လိုသော နိုင်ငံခြားငွေပမာဏနှင့် ညီမျှသော မြန်မာကျပ်ငွေအား ဘဏ်သို့ ပေးသွင်းရန်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာငွေသား (Cash) ဈေးနှုန်းနှင့် စာရင်းပြောင်း ငွေလဲလှယ်နှုန်း (Account Transfer Rate) တို့နှုန်းထားမတူကြောင်း၊ Account Transfer Rate က ပိုမိုများပြားတတ်ပါကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် သွင်းကုန်လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်အတွက် လိုအပ်သော နိုင်ငံခြားငွေများကို ရောင်းချပေးနေသကဲ့သို့ အာမခံလုပ်ငန်းကုမ္ပဏီများအတွက် လိုအပ်သော နိုင်ငံခြားငွေများကိုလည်း ရောင်းချပေးမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် နေ့စဉ် နိုင်ငံခြားငွေ အရောင်း/အဝယ် ပြုလုပ်သောပမာဏမှာ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ သန်း (၃၀) ခန့်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အာမခံလုပ်ငန်းများအနေဖြင့် တဆင့်အာမခံလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်သော နိုင်ငံခြားငွေများ ဝယ်ယူရရှိရေးအတွက် စိုးရိမ်ပူပန်ရန် မလိုဟု ယူဆပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် လက်ရှိအချိန်တွင် Money Changer License နှင့် Authorized Dealer License တို့ကို ထုတ်ပေးထားပါကြောင်း၊ အာမခံလုပ်ငန်းများအနေဖြင့် နိုင်ငံခြားငွေ လိုင်စင်ကိုင်ဆောင်ခွင့်နှင့် ပတ်သက်၍ သီးခြားလိုင်စင်ရယူရန် မလိုအပ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

၂၄။ ညွှန်ကြားရေးမှူး၊ ဦးသန့်ဇင်က ဆွေးနွေးရာတွင် ဒုတိယဝန်ကြီးသည် မည်သည့် ပုဂ္ဂလိကဘဏ်၌ လုပ်ငန်းဆောင်ရွက်မှု မည်မျှရှိသည်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ၌ နိုင်ငံခြားငွေများ မည်မျှရှိသည်ကို သိရှိထားသဖြင့် မိမိတို့၏ နိုင်ငံခြားငွေ ပိုမိုသုံးစွဲခွင့်ရရှိရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးမှုအား ယနေ့အစည်းအဝေး၌ အပြီးသတ်လုပ်ဆောင်သွားရန် ပြောကြားထားပြီးဖြစ်ပါကြောင်း၊ ပုဂ္ဂလိကအာမခံ ကုမ္ပဏီ (၁၁) ခုအနက် အထွေထွေအာမခံပြုလုပ်သည့် ကုမ္ပဏီ (၇) ခုသာ တဆင့်အာမခံကို ဆောင်ရွက်သွားမည်ဖြစ်ရာ ကုမ္ပဏီတစ်ခုလျှင် အမေရိကန်ဒေါ်လာ (၁) သန်းနှုန်းဖြင့် စုစုပေါင်း (၇) သန်းသာ အများဆုံးသုံးစွဲသွားမည်ဖြစ်၍ တဆင့်အာမခံကို စတင်သင့်ပါကြောင်း၊ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ တင်ပြလိုသည်မှာ အာမခံဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံကို (၄) လ အတွင်းရေးဆွဲပြီး နိုင်ငံခြားအာမခံကုမ္ပဏီများအား ဝင်ရောက်လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ ကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုထားသော အာမခံအမျိုးအစားသစ် (၁၁) မျိုး အနက် (၃) မျိုး၏ ပေါ်လစီများကို ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် အာမခံအမျိုးအစားသစ် (၈) မျိုး၏ ပေါ်လစီများကို သက်ဆိုင်ရာ အာမခံကုမ္ပဏီများမှ ပြည့်စုံစွာ အမြန်ဆုံး

ပြန်လည်တင်ပြပေးရန် ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအသက်အာမခံကို ပြန်လည်စိစစ်သုံးသပ်ရမည်ဖြစ်၍ ယင်းအာမခံကို Grand Guardian Insurance Co., Ltd က ယူနစ်ဖြင့်တင်ပြမည့်အစား ရှင်းလင်းလွယ်ကူသော နည်းလမ်းဖြင့် အမြန်ဆုံးပြန်လည်တင်ပြပေးရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ မိုးလေဝသညွှန်းကိန်း အာမခံကို ခွင့်မပြုပါကြောင်း ပြောကြားခဲ့ပါသည်။

**အထွေထွေဆွေးနွေးခြင်း**

၂၅။ အစီအစဉ်အရ အထွေထွေဆွေးနွေးခြင်းအတွက် တဆင့်အာမခံလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ပိုမိုသုံးစွဲခွင့်ရရှိရေး တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူများမှ ဖြည့်စွက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

**နိဂုံး**

၂၆။ ဒေတ္တာညွှန်ကြားရေးမှူးချုပ်၊ ဦးမြင့်ဦး က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲ၌ တဆင့်အာမခံအတွက် နိုင်ငံခြားငွေ ပိုမိုသုံးစွဲခွင့်ရရှိရေးကိစ္စအား အပြီးသတ် ဆွေးနွေးခြင်းပင်ဖြစ်ပါကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်များအား ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ အာမခံအမျိုးအစားသစ် (၁၁) မျိုး လုပ်ကိုင်ခွင့်ကိုလည်း အစိုးရအဖွဲ့ထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ပုဂ္ဂလိကအာမခံကုမ္ပဏီများအား မကြာမီအချိန်တွင် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ အာမခံဖွံ့ဖြိုးတိုးတက်ရေး လမ်းပြမြေပုံကို (၄) လတာကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံခြားအာမခံကုမ္ပဏီများကိုလည်း ဝင်ရောက်လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အာမခံလုပ်ငန်းကို အားလုံးက စိတ်ဝင်စားနေသည့်အတွက် ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြပါဟု ပြောကြားလိုပါကြောင်း၊ ယနေ့ ပြုလုပ်ကျင်းပသော တဆင့်အာမခံနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ပိုမိုသုံးစွဲခွင့်ရရှိရေး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများ အသီးအသီးမှ တာဝန်ရှိသူများအား ကြိုးစားဆောင်ရွက်သွားကြပါလို့ အထူး ပြောကြားလိုပါကြောင်း၊ မိမိတို့ဘက်မှလည်း အောင်မြင်အောင် ကြိုးစားသွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

**အစည်းအဝေးဆုံးဖြတ်ချက်များ**

၂၇။ ဆွေးနွေးချက်များအပေါ် အောက်ပါအတိုင်း ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်ရန် |
|---|---|---|
| ၁။ | တဆင့်အာမခံ ဆောင်ရွက်သည့် အစီအစဉ်တွင် နိုင်ငံခြားငွေသုံးစွဲမှုနှင့် ပတ်သက်သည့် အသေးစိတ် ညွှန်ကြားလွှာ ထုတ်ပြန်သွားရန်။ | အတွင်းရေးမှူးရုံး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ |
| ၂။ | တဆင့်အာမခံထားမည့် အစီအစဉ်တွင် ပုဂ္ဂလိက အာမခံကုမ္ပဏီများက တဆင့်အာမခံ ထားရှိရာတွင် တဆင့်အာမခံတိုင်း၏ (၃၀) ရာခိုင်နှုန်းကို မြန်မာ့အာမခံလုပ်ငန်းအား Co - Reinsurer အဖြစ် ပေးရန်။ | အတွင်းရေးမှူးရုံး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ မြန်မာ့အာမခံလုပ်ငန်း နှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများ |
| ၃။ | အာမခံအမျိုးအစားသစ် (၁၁) မျိုးအနက် အောက်ဖော်ပြပါ (၃) မျိုးအား ခွင့်ပြုသွားရန်နှင့် ကျန် (၈) မျိုး၏ ပေါ်လစီနှင့် ပရီမီယံနှုန်းထား များအား သက်ဆိုင်ရာ ကုမ္ပဏီများမှ အမြန်ဆုံးပြန်လည် တင်ပြသွားရန်။<br>(က) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ<br>(ခ) ခရီးသွားအာမခံနှင့်<br>(ဂ) ရေယာဉ်ကိုယ်ထည်အာမခံ | အတွင်းရေးမှူးရုံး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ နှင့် ပုဂ္ဂလိက အာမခံကုမ္ပဏီများ |
| ၄။ | အာမခံအမျိုးအစားသစ်ဖြစ်သော ကိုယ်အင်္ဂါထိခိုက်မှုအာမခံကို မြန်မာ့အာမခံလုပ်ငန်းမှလည်း ရောင်းချသွားရန်။ | အတွင်းရေးမှူးရုံး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာ့အာမခံလုပ်ငန်း |

**အစည်းအဝေးပြီးစီးခြင်း**

၂၈။ အစည်းအဝေးအား နံနက် ၁၂:၀၀နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

30.6.2017

(မှတ်တမ်းတင်သူ)

အိန္ဒြာအောင်၊ ဦးစီးအရာရှိ

စာအမှတ်၊ FRD/ IBRB (၁၈၄/ ၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ( ၃၀ ) ရက်

ဖြန့်ဝေခြင်း

ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
အတွင်းရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
အစည်းအဝေးတက်ရောက်သူများအားလုံး